ပြည်တော်လင်း+သက်မွေးစုကျေးရွာ
ဥတ္တရသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြည်တော်လင်း+သက်မွေးစုကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မအူလေးပင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

မတ်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နေပြည်တော်လင်း+သက်မွေးစုကျေးရွာ
ဥတ္တရသီရိမြို့နယ်

ပြည်တော်လင်း+သက်မွေးစုကျေးရွာ သယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်တော်လင်း+သက်မွေးစုကျေးရွာသည် ပြည်ထောင်စုနယ်မြေ ၊နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိ မြို့နယ်၏ တောင်ညိုကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ဆယ်သိန်းကျေးရွာနှင့်ကျောင်းစုကျေးရွာ၊ မြောက်ဘက်တွင်ရဲစခန်းနှင့် ဆက်စပ်လျက်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနေထိုင်ပြီး အခြား တိုင်းရင်းသား များလည်း အနည်းငယ်နေထိုင်ကြသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေ ဧရိယာမှာ လယ်မြေ(၃၁)ဧက၊ ယာမြေ(၂၀)ဧက စုစုပေါင်း (၅၁) ဧကရှိပါသည်။ စပါးနှင်ကြံကို အဓိကစိုက်ပျိုးကြပြီး ဥယျာဉ်ခြံမြေတွင် သရက်ကို စိုက်ပျိုးကြသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါ သည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား – ၃ဦး) နှင့် လူမှုရေးအဖွဲ(ကျား၃ဦး)သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ မီးသတ် အဖွဲ့တွင် ကျား(၃)ဦးသည် ကျေးရွာ၏ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် အားတက်သရောဆောင်ရွက်လျက်ရှိပါသည်။ ကြက်ခြေနီအဖွဲ့တွင် မ(၅)ဦးသည် ကျေးရွာ ၏ကျန်းမာရေးကဏ္ဍတွင် ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော် လည်း ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပြည်တော်လင်း+သက်မွေးစုကျေးရွာတွင် တောင်သူငယ်အိမ်ထောင်စု(၂)စု၊ တောင်သူ လတ်အိမ်ထောင်စု(၆)စု၊ တောင်သူကြီးအိမ်ထောင်စု(၉)စု စသည်တို့ရှိကြပြီး အဓိကအားဖြင့်

စပါးနှင့်နှမ်းသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် နေ့စား ကျပန်းလုပ်ကိုင်ကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေး လုံလောက်မှု နည်းပါးပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ(၅၅)တင်းသာရှိပါသည်။ အခြားသီးနှံများဖြစ်သည့် မတ်ပဲ၊ နှမ်းစသည့်သီးနှံများ၏ အထွက်နှုန်းများမှာလည်း ရာသီဥတု အလိုက်ပြောင်းလဲလျှက်ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေအောဇာနှင့်သွင်းအားစုများ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေအောဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း တောင်ညိုစေျးနှင့် အလှမ်းမဝေးသဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစေျးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါး စိုက်ပျိုးရာတွင် စိုက်ပျိုးရေမလုံလောက်ခြင်းနှင့် စပါးဖျက်ပိုး အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ လာရောက်ဝေမျှပေး သော်လည်း လိုက်နာမှုအားနည်းသဖြင့် လယ်များတွင် အထွက်နှုန်းနည်းပါသည်။ နည်းစနစ် များအတိုင်း စိုက်ပျိုးနိုင်ပါက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန် များ ရရှိလာနိုင်ပါမည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၅)စုရှိပြီး နွားကောင်ရေ (၄၉)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၁၅)စုမှ ဝက်(၁၈)ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၉)စုမှ ကြက်(၂၂၉)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာနှင့် ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိ သည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပြည်တော်လင်း+သက်မွေးစုကျေးရွာသည် တောင်ညိုစေျးနှင့်နီးသောကြောင့် တစ်ပိုင်တစ်နိုင် စေျးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ အလှပြင်ဆိုင်၊ ဝမ်ရော့ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။

ကား၊ ဆိုင်ကယ်၊ ထော်လာကျီမောင်း၍ ခရီးသယ်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စေျးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများရခြင်းဖြစ်သည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ကိုင်ကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၁၃) စီး၊ မော်တော်ဆိုင်ကယ်(၅၉) စီး၊ ကား(၁)စီးနှင့် နွားလှည်း(၃)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကျေးရွာချင်းဆက် မြေသားလမ်း(၁)လမ်းရှိပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ တောင်ညိုကျေးရွာ၊ ကျောင်းစုကျေးရွာနှင့် ဆယ်သိန်းကျေးရွာသို့ တံတားဖြင့် ဆက်သွယ်ထားပါသည်။ ရွာတွင်းလမ်းမှာ ရိစာလမ်း ဖြစ်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု(၅၀)စုရှိပြီး ဒီဇယ်အင်ဂျင်နှင့် အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်းရှိပြီး လုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု(၇)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၁) လုံး၊ ၊ တီဗွီ (၄၃) လုံး ရှိသည့်အပြင် အမ်ပီတီ၊ တယ်လီနောနှင့် အော်ရီဒူးဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ တောင်ညိုကျေးရွာ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားကြရပါသည်။ ကျေးရွာရှိမိဘများအနေဖြင့် ဆင်းရဲသော်လည်း ကလေးများ၏ပညာရေးအား အလေးထားအားပေးကြောင်း တွေ့ရှိရပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ(၃၀)ဦး အလယ်တန်းအဆင့် စာတတ်သူ ဦးရေမှာ(၂၁)ဦး၊ အထက်တန်းအဆင့်စာတတ်သူမှာ(၁၅)ဦးနှင့် တက္ကသိုလအဆင့် စာတတ် မြောက်သူ(၃)ဦးရှိပါသည်။ ကျေးရွာတွင် အနည်းဆုံးမူလတန်းအဆင့် စာတတ်မြောက်မှုရှိ သော ဦးရေများပြားခြင်းကြောင့် ကျေးရွာသည် ပညာရေးတွင် စိတ်ပါ ဝင်စားခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ် ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ကျေးရွာအုပ်စုရှိ ကျေးလက်ဆေးပေး ခန်းမှကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောက် ကာကွယ်ဆေးလာရောက် ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ သည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသ ကြသဖြင့် သက်သာပျောက်ကင်းကြပါသည်။ ဆီးချို၊ သွေးတိုးရောဂါများမှာလည်း အဖြစ်များ ပြီး ကူးစက်နိုင်သောရောဂါများလည်း အနည်းငယ်ဖြစ်ပွားကြသည်။

သောက်သုံးရေအတွက် ကျေးရွာရှိ ရေတွင်းများ၊ လက်နှိပ်တုံကင်များနှင့် စက်ရေတွင်းများမှသုံးစွဲကြပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံးအတွက် လုံလောက်မှုရှိပါသည်။ ရေအရည်အသွေးမှာလည်း သင့်တင့်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် လူငယ်များအနေဖြင့် ပျက်စီးနိုင်သောနေရာများ အလွယ်တကူရှိသော်လည်း ထိခိုက်လွယ်မှုမှာ နည်းပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် လက်လုပ်လက်စား ကျဘမ်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်သာရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများ ထက်ပို၍ ထိခိုက်လွယ်နိုင်ပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေမရရှိဘဲ စပါးများပျက်စီးမှုများသဖြင့် အချိန်ကုန်ငွေကုန်ပြီး စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့ပါးသွားပါသည်။ မိုးရာသီတွင် ချောင်းမကြီး ချောင်းမှရေလျှံမှုကြောင့် ရွာအတွင်းသို့ဝင်၍ ရေကြီးခြင်းကိုတစ်ခါတစ်ရံခံစားရပါသည်။ မီးဘေးအန္တရာယ်အနေဖြင့် စိုးရိမ်ရပြီး သစ်တောပြုန်းတီးခြင်း အနည်းငယ်ရှိပါသည်။ ရာသီ ကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင် လူကုန် ကူးမှု မရှိပါ။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာ အသိပညာများ အားနည်းသဖြင့် အသိပညာပေးဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – တောင်ညို			ကျေးရွာအမည် – ပြည်တော်လင်း+သက်မွေးစု	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရိစာလမ်း/ရေကာတာ	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်း	ကွန်ကရစ်လမ်း	
၃	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	စာကြည့်တိုက်	
၄	အခြေခံအဆောက်အဦ	အလုပ်အကိုင်ရရှိ၍ ဝင်ငွေရရှိနိုင်စေရန်	အိမ်တွင်းမှုသက်မွေးသင်တန်း	
၅	အခြေခံအဆောက်အဦ	အခြား	ရေမြောင်းတူးဖော်	

နောက်ဆက်တွဲ (၁)

တောင်ညီကျေးရွာအုပ်စု၊ ပြည်တော်လင်း+သက်မွေးစုရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	ပညာအရည်အချင်း	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်မင်းထွန်း	ဦးရွှေသောင်း	၁၀တန်း	၉/ပမန(နိုင်)၁၈၁၆၉	၃၉	ဥက္ကဋ္ဌ၊ ကျေးရွာဖွံ့ဖြိုးရေး	၀၉၇၇၅၄၁၉၃
၂	ဦးနေဝင်း	ဦးတင်မောင်	၁၀တန်း	၉/ပမန(နိုင်)၁၂၉၆၆၆	၄၅	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉၇၉၁၃၇၀၃၂
၃	ဒေါ်တင်တင်ညွန့်	ဦးစံလင်း	ရေး/ဖတ်	၉/ပမန(နိုင်)၀၀၁၇၃၈	၆၀	အတွင်းရေးမှူး	၀၉၄၀၂၇၉၃၃၁
၄	ဒေါ်အိမေချို	ဦးဝင်းနိုင်	B.A(Eco)	၉/ပမန(နိုင်)၂၅၂၈၉၁	၂၉	စာရင်းကိုင်	၀၉၆၆၁၂၀၅၇၉၅
၅	ဒေါ်ခိုင်သဇင်	ဦးအောင်သန်း	၁၀တန်း	၉/ပမန(နိုင်)၂၃၇၄၅၂	၂၆	ဘဏ္ဍာရေးမှူး	၀၉၇၈၁၃၂၁၂၃
၆	ဒေါ်နွယ်နွယ်စိုး	ဦးရွှေ	၈တန်း	၉/ပမန(နိုင်)၁၂၉၆၅၀	၄၃	အဖွဲ့ဝင်	၀၉၆၆၉၈၅၅၅၀၇
၇	ဦးသိန်းဝင်း	ဦးနိုင်	၅တန်း	၉/ပမန(နိုင်)၀၆၇၈၅၂	၅၃	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၁	၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၀	၄	၁၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၉	၂၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၆	၂၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၈၅	၉၃	၁၇၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉	၁၅	၂၄
စုစုပေါင်း		၁၃၁	၁၃၈	၂၆၉
စုစုပေါင်း အိမ်ထောင်စု		၇၅		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၇၅) စုရှိပြီး၊ ကျား (၁၃၁)၊ မလူဦးရေ (၁၃၈) ဦး ဖြင့် လူဦးရေပေါင်း (၂၆၉)ဦး ရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေ၏(၄၂) ရာနှုန်းခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြား ပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည့် အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားနှင့် အမျိုးသမီးဦးရေသည် ပျမ်းမျှအားဖြင့် ညီပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့် လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့် လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ် နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့် □ လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း			–	မြင့် □ လတ်□ နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့် □ လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း			–	မြင့် □ လတ်□ နိမ့်
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့် လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ် နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ် နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း			–	မြင့် □ လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား		–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း			–	မြင့် □ လတ်✓ နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပြည်တော်လင်း+သက်မွေးစုကျေးရွာသည် တောင်ညိုစေ◌ျးနှင့်နီးသောကြောင့် တစ်ပိုင်တစ်နိုင် စေ◌ျးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ အလှပြင်ဆိုင်၊ ဝမ်ရှော့ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ကား၊ ဆိုင်ကယ်၊ ထောလာကျီမောင်း၍ ခရီးသည်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း များကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်ကျောင်းဖွင့်လှစ်သူ(၂)ဦးရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စေ◌ျးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြား အသက်မွေးမှု နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများရခြင်း ဖြစ်သည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်း တစ်ပိုင် တစ်နိုင်အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးမရရှိဘဲ ပဲ၊ စပါးများပျက်စီးသဖြင့် အချိန်ကုန်၊ ငွေကုန်သဖြင့် စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ မိုးတွင်းအခါတွင် ချောင်းမကြီးချောင်းမှ ရေလျှံမှုကြောင့် ရွာအတွင်းသို့ရေဝင်၍ ရေကြီးခြင်းကို တစ်ခါတစ်ရံခံစားရပါသည်။ မီးဘေးအန္တရာယ် အခြေအနေစိုးရိမ်ရပြီး သစ်တောပြုန်းတီးခြင်း အနည်းငယ်ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများ ဖြန့်ပွားလေ့ရှိပြီး ကြက်၊ ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရှိရပါသည်။ လူကုန်ကူးမှု မရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၁	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၀	ကောင်း ☐	သင့် ✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်	ညံ့ ☐
စုစုပေါင်း	**၅၁**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ် (၃၁) ဧက၊ ယာမြေ(၂၀)ဧက ရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ရှိပါသည်။ သီးနှံများမစိုက်သည့် မြေလွတ်မြေလပ်များ မရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့် နည်း မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်အခြေအနေ	အလွန်ကောင်း	ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) ကောင်း	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂	၂၄	၃၀	၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ (၁၆)ရာခိုင်နှုန်း၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၃၂)ရာခိုင်နှုန်း၊ မပြေလည်သောအိမ်ထောင်စု(၄၀)ရာခိုင်နှုန်းနှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၁၂)ရာခိုင်နှုန်းတို့ဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများတတ်မြောက်မှုနည်းပါးခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် စေျးဆိုင်လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၈-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-		
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စ ရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □ လတ် □ နိမ့်✓ မရှိ □

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✓	နိမ့်	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်	မရှိ ✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်	မရှိ ✓
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်	မရှိ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေမရှိပဲ စပါးမားပျက်စီးသဖြင့် အချိန်ကုန် ငွေကုန်သဖြင့် စိုက်ပျိုးရေအတွက် ကုန်ကျစရိတ်များပြား ပြီးစားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ မိုးတွင်းအခါတွင် ရေလျှံမှုကြောင့် ရွာအတွင်း သို့ဝင်၍ ရေကြီးခြင်းကို တစ်ခါတစ်ရံခံစားရပါသည်။ မီးဘေးအန္တရာယ်အနေဖြင့် စိုးရိမ်ရပြီး သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ခွာနာလျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	လတ်	နိမ့်✓	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်	လတ် ✓	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်	မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်	လတ် ☐	နိမ့်☐	မရှိ ✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များအနေဖြင့် ပျက်စီးစေနိုင်သောအရာများ အလွယ်တကူရရှိနိုင်သော်လည်းထိခိုက်လွယ်မှုမှာနိမ့်ပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့်လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါ သည်။ ကားမောင်း၍ အသက်မွေးမှုပြုကြသည့် အိမ်ထောင်စုများသည် အသက်အန္တရာယ် ထိခိုက်လွယ်မှု နိမ့်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	အုပ်ချုပ်ရေး	၁☐ ၂✓ ၃☐	၁၈	–	၁၈	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	လူမှုကူညီရေးအသင်း	၁☐ ၂✓ ၃☐	၁၈	၁၂	၂၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	မီးသတ်အဖွဲ့	၁☐ ၂✓ ၃☐	၃			ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐
၄	ကြက်ခြေနီအဖွဲ့	၁☐ ၂✓ ၃☐	၁၈	၁၂	၂၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အောင်လံကျေးရွာတွင် အဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းထားလျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများမှာ ကိုယ်ပိုင်စွမ်းဆောင်ရည်များ အသင့်တင့်ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့မှာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းပြီး တခြားအဖွဲ့အစည်းအချင်းချင်းကြား ချိတ်ဆက်ဆောင်ရွက်မှုမှာ အားနည်းသည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများအတွက်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၉	မြေမဲ့ယာမဲ့

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၂	၂.၅ ဧကအောက်	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၅	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့သူ(၅၉)အိမ်ထောင်စုရှိပြီး အများစုမှာ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင် စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ✓ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင် ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ✓ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆည်မြောင်းများမရှိပါ။ စိုက်ပျိုးရေမိုးရေကိုသာ အဓိကထား စိုက်ပျိုးနေရပါသည်။ စိုက်ပျိုးရေ ရရှိအောင် အဝီစိတွင်းများ၊ လက်တူးတွင်းများ တူးဖော်နိုင်ပါက ပိုမို အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၃၁	တင်း	၄၀	၇၀	၅၅	ဇွန်	နိုဝင်ဘာ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
ကြံ	၁၅	တန်	၂	၅	၃	ဇွန်	ဒီဇင်ဘာ	မြင့်□ လတ် နိမ့်□	မြင့်□ ✓ နိမ့်□
နှမ်း	၅	တင်း	၁၀	၂၅	၇	အောက်တိုလာ	ဇန်နဝါရီ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာပျမ်းမျှ(၅၅) ရှိကြောင်း တွေ့ရှိရသည်။အခြားသီးနှံဖြစ်သည့် မတ်ပဲ၊ နှမ်းစသည့်သီးနှံများ၏ အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် မိုးရေကိုသာအဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် စေ့ျးကွက် မတည်ငြိမ်ခြင်းတို့ကြောင့် အကျိုးအမြတ်မှာ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	၁	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	–	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	––	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာနည်းပါး ကြပြီး ငှားရမ်းအသုံးပြုနေသည့် အိမ်ထောင်စုများ ရှိကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း သင့်တင့်မျှတ✓ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ✓ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ✓ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓ မဖြေဆိုပါ
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✓
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသော်လည်း စိုက်ပျိုးရေးလုံလောက်စွာမရရှိပါ။ တောင်ညိုစေ်ျးနှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးမြေအော ဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်များကိုလည်း ကုန်သည်ပွဲစားများနှင့် ဘုရားကုန်းစေ်ျးတွင် ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်တွင်ပုံစံ(၇)ဖြင့် ချေးယူနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✓ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ✓
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✓ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြားသော်လည်းအသက်မွေးဝမ်းကြောင်းပြုလုပ်နိုင်သည့် နည်းပညာအားနည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်သားအင်အားရရှိနိုင်သည်။ မိုးစပါးစိုက်ပျိုးရာ တွင် စိုက်ပျိုးရေးမလုံလောက်ခြင်းနှင့်စပါးဖျက်ပိုး အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ လာရောက်ဝေမျှပေးသော်လည်း လိုက်နာမှုအားနည်းသဖြင့် လယ်များတွင် အထွက်နှုန်းနည်းပါးသည်။ နည်းစနစ်အတိုင်း စိုက်ပျိုးနိုင်ပါက အထွက်နှုန်းကောင်း မွန်ပြီး အရည်အသွေးပြည့်ဝသောထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၀	၂၉
နို့စားနွား		
ကျွဲ	၅	၂၀
မြင်း		
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁၅	၂၅
ကြက်	၁၁	၂၂၉
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကြက်၊ ကျွဲ၊ နွား၊ ဝက် စသည်တို့အား မွေးမြူရေးအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြကြောင်း တွေ့ရှိရသည်။ မွေးမြူရေးလုပ်ငန်းအတွက် စေ်းကွက်လည်းရှိကြောင်း တွေ့ရှိရပြီး ရာသီအလိုက်ဖြစ်ပွားတတ် သောရောဂါများမှာ အထူးသဖြင့် ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး သေဆုံးပျက်စီးမှုများအထိရှိကြောင်း တွေ့ရှိရပါသည်။ ဝက်မွေးမြူရေးအများစုမှာ ဒေသဝက်များ ကိုသာ မွေးမြူကြပြီး အကျိုးအမြတ်မှာ အသင့်အတင့်သာရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ✓
ရေရရှိမှု	အလုံအလောက်ရနိုင် အသင့်အတင့်ရနိုင် ✓ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်✓ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ✓
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ✓ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✓
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်✓ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ✓
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✓
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ✓
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✓
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ✓
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် ရေနှင့် ပတ်သက်သော အခက်အခဲများမရှိပါ။ မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အရနိုင်သည့်အပြင်

တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင်မွေးနိုင်ခြင်း ဖြစ်ပါသည်။

